**အကောက်ခွန်ဦးစီးဌာန၊ ကာကွယ်ရေးဌာနခွဲ၏ ကြေညာချက်အမှတ် ( ၁ / ၂၀၂၄ )**

ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ မတ်လ ၂၂ ရက်

၁။ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (World Trade Organization - WTO) ၏ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးသဘောတူညီချက်( Trade Facilitation Agreement - TFA) ၏ Article 7.8: Expedited Shipment ပါ ပြဋ္ဌာန်းချက်အရ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် လေကြောင်းဖြင့် တင်သွင်းလာသည့် ကုန်ပစ္စည်းများအား သက်ဆိုင်ရာနိုင်ငံများ၏ တည်ဆဲဥပဒေ၊ အမိန့်ညွှန်ကြားချက်များနှင့်ကိုက်ညီပါက အလျင်အမြန် ရှင်းလင်းထုတ်ယူခွင့်ပြုရမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

၂။ အဆိုပါ Article အား အကောက်ခွန်ဦးစီးဌာနက အကောင်အထည်ဖော်သည့်အနေဖြင့် Express Consignment (အလျင်အမြန် ပေးပို့ ထုတ်ယူလိုသည့်ကုန်စည်) များနှင့်ပတ်သက်၍ Express Consignment များ မရောက်ရှိမီနှင့် ရောက်ရှိချိန်တွင် လိုအပ်သည့် အကောက်ခွန် လုပ်ငန်းစဉ်များအား လျင်မြန်စွာဆောင်ရွက်ပေးနိုင်ရေးအတွက် ရုံးတွင်းညွှန်ကြားလွှာအမှတ် (၁၅/၂၀၀၀) ဖြင့်လည်းကောင်း၊ လေကြောင်းမှ တစ်ဆင့်တင်သွင်းလာသည့် ကုန်စည်များအပေါ် အခွန်အခများကင်းလွတ်ခွင့်ပြုနိုင်သည့် အနိမ့်ဆုံးတန်ဖိုးပမာဏတစ်ရပ် (De-minimis value threshold) အဖြစ် တင်သွင်းမှုတစ်ခုချင်း၏ စုစုပေါင်းတန်ဖိုးပမာဏ USD 50 အထိ ကင်းလွတ်ခွင့်ပြုခြင်းအား စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၃၃/၂၀၁၇) ဖြင့်လည်းကောင်း ထုတ်ပြန်ဆောင်ရွက်လျက်ရှိပါသည်။

၃။ ထို့အပြင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၏ သတင်းလွှာအမှတ် (၅/၂၀၁၃) အရ ပြည်ပမှ တင်သွင်းလာသော နမူနာပစ္စည်းများနှင့် ကြော်ငြာပစ္စည်းများ၏ တန်ဖိုးအမေရိကန်ဒေါ်လာ(၅၀၀)အောက်ပစ္စည်းများအား လိုင်စင်/ ပါမစ် ထောက်ခံချက် မလိုအပ်ဘဲ ထုတ်ယူခွင့်ရရှိမည်ဖြစ်သော်လည်း၊ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းအဖွဲ့အောက်ရှိ အဖွဲ့ဝင်ဌာနအသီးသီး၏ သဘောထားမှတ်ချက်များအရ ကုန်ပစ္စည်းများရောက်ရှိချိန်တွင် လျင်မြန်စွာရှင်းလင်းထုတ်ယူနိုင်ရေး အဆိုပါဌာနများမှ ထောက်ခံချက်လိုအပ် သောပစ္စည်းများစာရင်းအား ပေးပို့ခဲ့ပါသည်။

၄။ သို့ဖြစ်ပါ၍ နောက်ဆက်တွဲဇယားပါပစ္စည်းများတင်သွင်းလာပါက သက်ဆိုင်ရာဌာနများ၏ ထောက်ခံချက်များ ကြိုတင်ရယူထားခြင်း အားဖြင့် လုပ်ငန်းများလျင်မြန်ချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအား အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**အကောက်ခွန်ဦးစီးဌာန**

နောက်ဆက်တွဲ

## လေကြောင်းမှတင်သွင်းလာသောကုန်ပစ္စည်း များနှင့်ပတ်သက်၍ ဌာနများအလိုက် ထောက်ခံချက်လိုအပ်သောပစ္စည်းများစာရင်း

| စဉ် | ပစ္စည်းအမျိုးအမည် | ဌာနများ |
|---|---|---|
| ၁ | သီးနှံမျိုးစေ့များ၊မျိုးကိုင်းများ | စိုက်ပျိုးရေးဦးစီးဌာန |
| ၂ | အသီးအနှံများ | စိုက်ပျိုးရေးဦးစီးဌာန |
| ၃ | အပင်နှင့်အပင်ထွက်ပစ္စည်းများ | စိုက်ပျိုးရေးဦးစီးဌာန |
| ၄ | ဖြတ်ပန်းများ | စိုက်ပျိုးရေးဦးစီးဌာန |
| ၅ | ပိုးသတ်ဆေးများ | စိုက်ပျိုးရေးဦးစီးဌာန |
| ၆ | မြေဆီ၊မြေသြဇာများ | စိုက်ပျိုးရေးဦးစီးဌာန |
| ၇ | တိရစ္ဆာန်အသားမှုန့်များ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန |
| ၈ | တိရစ္ဆာန်ဆိုင်ရာမျိုးလောင်းများ၊ မျိုးဥများ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန |
| ၉ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ မွန်ထရီရယ်နောက်ဆက်တွဲ စာချုပ်နှင့်ကီဂါလီပြင်ဆင်ချက်တို့အရ တားမြစ် /ကန့်သတ်ထားသည့် အအေးပေးဒြပ်ပစ္စည်းများနှင့် Waste and Scrap များ (အသေးစိတ်စာရင်းများအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ၏ website တွင်ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ ) | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန |
| ၁၀ | အေးခဲငါး၊ ပုစွန်နှင့်ရေထွက်ပစ္စည်းများ | ငါးလုပ်ငန်းဦးစီးဌာန |
| ၁၁ | တိရစ္ဆာန်အရှင်များ၊ တိရစ္ဆာန်ထွက်ပစ္စည်းများ၊ တိရစ္ဆာန်အစာများ၊ တိရစ္ဆာန်ဆေးဝါးများနှင့်တိရစ္ဆာန်သုံးပစ္စည်းများ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန |
| ၁၂ | ငါး/ပုစွန်သားပေါက်အရှင်များ၊ အလှမွေးငါးအရှင်၊ ရေနေသတ္တဝါအစာတောင့်၊ အလှမွေးငါးအစာ၊ ရေနေသတ္တဝါအစာကုန်ကြမ်း၊ရေနေသတ္တဝါအစာဖော်စပ်ရာ၌ အသုံးပြုသောဖြည့်စွက်အစာကုန်ကြမ်း၊ ရေသတ္တဝါမွေးမြူရေးလုပ်ငန်းသုံး ဓာတုပစ္စည်းများနှင့်ဆေးဝါးများ၊ ရေသတ္တဝါမွေးမြူရေးလုပ်ငန်းသုံးပစ္စည်းများ | ငါးလုပ်ငန်းဦးစီးဌာန |

| စဉ် | ပစ္စည်းအမျိုးအမည် | ဌာနများ |
|---|---|---|
| ၁၃ | အေးခဲအသားစို၊ အသားခြောက်များ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန |
| ၁၄ | Nucleus (ဝတ်ဆံလုံးများ)၊ Clewat 32 နှင့် Chloramphenicol(မုတ်ကောင်ဝတ်ဆံသွင်းခြင်းနှင့် သားဖောက်ခြင်းလုပ်ငန်းများတွင်အသုံးပြုမည့် ) | သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအောက်ရှိ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း |
| ၁၅ | အစားအသောက်နှင့်ဆေးဝါးများ၊ ဖြည့်စွက်စာများ၊ အလှကုန်ပစ္စည်းများအား ကိုယ်တိုင်သုံးစွဲရန်အတွက်မဟုတ်ဘဲ စီးပွားဖြစ်တင်သွင်းခြင်းများ | အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန |
| ၁၆ | စက်မှုကုန်ကြမ်းပစ္စည်းများ | ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ |
| ၁၇ | ထိန်းချုပ်ဓာတုပစ္စည်းများ | ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ |

မှတ်ချက်။ ရေခဲရိုက်၍ဖြစ်စေ၊ အေးခဲ၍ဖြစ်စေ (သို့မဟုတ်) တစ်နည်းနည်းဖြင့်ပြုပြင်မွမ်းမံထားသော (ဥပမာ-အခြောက်လှန်း၊ကြပ်တိုက်) စသောအသင့်စားသုံးနိုင်သောရေထွက်ကုန်ပစ္စည်းမဟုတ်သည့်တန်ဖိုးအမေရိကန်ဒေါ်လာ (၅၀၀) အောက်ရေထွက်ကုန်ပစ္စည်းများကို စီးပွားရေးအရမဟုတ်ဘဲ၊ ကိုယ်တိုင်စားသုံးရန်အတွက် တင်သွင်းလာပါက ငါးလုပ်ငန်းဦးစီးဌာနထောက်ခံချက်မလိုအပ်ဘဲ တင်သွင်းနိုင်သည်။